
ဝန်ဇင်း
နှေနှော်
ပန်းဆွတ်မိုး

အခန်း (၁)

**ခြောက်သွေ့တဲ့ ဘဝမှာ**

**မေတ္တာတရားကို**

**မိုးမှုန်မိုးဖွဲလောက် ဖြစ် ဖြစ်**

**ခံစားခွင့်ရရင်ကျေနပ်ပါပြီ။**

**''ပန်းဆွတ်မိုး'' လေးလောက်**

**ဖြစ် ဖြစ်ပေါ့။**

*

မိန်းမတစ်ယောက်ဟာ အသက်သုံးဆယ်ဝန်းကျင်မှာ အလှဆုံးပဲဟူသော စကားကို ချောအိဖြူဘဝ၌ မကြာခဏ ကြားခဲ့ဖူး၏ ။ (အသက်သုံးဆယ်ဆိုတာ လောကအတွေ့ အကြုံတွေ ရင့်ကျက်ပြည့်စုံဖို့ လုံလောက်တဲ့အရွယ် ဖြစ်သလို၊ အချစ်နဲ့ပတ်သက်ရင်လည်း ကျွမ်းကျင်လိမ္မာသူအဆင့်ရောက်ရှိစေနိုင်တဲ့အရွယ်မဟုတ်လား)

သုံးဆယ်ဝန်းကျင် အမျိုးသမီးတွေ အနက် ချောအိဖြူမျက်လုံးထဲ ကြည့်အကောင်းဆုံးကတော့ ''မြသားသွင်'' ဖြစ်သည်။ မြသားသွင်ဟာ မွေးကတည်းက အပူအပင်ကင်းကင်း ချမ်းချမ်းသာသာကြီးပြင်းလာရသူ ဖြစ်သလိုလက်ရှိအချိန်မှာ လည်းချစ်စရာကောင်း တဲ့ သားတစ်ယောက်၊ သမီးတစ်ယောက်အပြင် သူမအပေါ် သစ္စာစောင့်သိသော လင်ယောကျ်ားတစ်ယောက်ကိုပါ ပိုင်ဆိုင်ထားသူပါ။

ကြီးကျယ်သော စီးပွားရေး လုပ်ငန်းများ နှင့်အောင်မြင်သော မိသားစုဘဝကို ပိုင်ဆိုင်ထားတာမို့ ချောအိဖြူတို့ သူငယ်ချင်းချင်း ဆုံတိုင်း ''မြသားသွင်လို ဖြစ်ခွင့်ရရင် သေပျော်ပါပြီ'' လို့ တိတ်တခိုး အားကျခဲ့ရတာ ဖြစ်သည်။

ချောအိဖြူရဲ့အလုပ်ရှင်''ဦးနေဘုန်းရောင်''၏ ဇနီး၊ရန်ကုန်မြို့တော်ရဲ့အအောင်မြင်ဆုံး အိမ်ထောင်ရှင်တွေ ထဲက တစ်ယောက် အပါအဝင် ဖြစ်သူ ''မြသားသွင်''၊ ငွေရောင်ကားကြီးပေါ်ကဆင်းပြီး၊ ကော်ဖီဆိုင်လေးထဲဝင်လာတော့ ချောအိဖြူ သောက်လက်စ ကော်ဖီခွက် ကို ပစ်ချပြီး အပြေးအလွှား ခရီးဦးကြိုပြုလိုက်မိသည်။

''မမက ဒီကော်ဖီဘားမှာ တွေ့ဖို့ချိန်းတော့ ချောအိ အံ့ဩနေတာ။ ဘာခိုင်းစရာရှိလို့လဲမမ။ ချောအိ ဘာလုပ်ပေးရမလဲ''

မြသားသွင်က တပ်ထားသည့် ''ကာတီးယား'' တံဆိပ်ပါနေကာမျက်မှန်ကို ချွတ်၍ စားပွဲပေါ်တင်လိုက်ပြီးအနားရောက်လာ သော ဝိတ်တာအား''အက်ပရာဆို၊ ဆင်ဂယ်'' ဟု မှာ လိုက်သည်။ ပြီးမှ ချောအိဖြူအား လှိုက်လှိုက်လှဲလှဲ ပြုံးပြလေသည်။

သူမပုံကခင်ပွန်းသည်၏ လက်အောက်ငယ်သား မန်နေဂျာမလေးကို ကော်ဖီဆိုင် တစ်ခု၌ ချိန်းတွေ့ ဆုံတာနှင့် မတူဘဲ၊ ကိုယ့်အိမ်လာလည်သော ငယ်သူငယ်ချင်းတစ်ယောက်ကို တွေ့ ဆုံသလိုမျိုး နွေးနွေးထွေးထွေး ရှိလှပါသည်။

''တို့ မင်းကို အကူအညီတစ်ခုလောက် တောင်းချင်လို့ ချောအိဖြူ''

သူမ၏ လေသံက သူမဟန်ပန်လိုပင်လှိုက်လှဲနွေးထွေးနေ၏ ။ ''အကူအညီ'' တဲ့။ အင်းလေဒီလိုပဲ ဖြစ်ရမှာ ပေ့ါ။ သူမလို အောင်မြင်နေတဲ့ အမျိုးသမီးတစ်ယောက်ကချောအိဖြူလို ပမွှားလေးတစ်ယောက်ကို ခေါ်တွေ့ တာဟာ ခိုင်းစရာတစ်ခုခုရှိလို့ပဲ ဖြစ်ရမှာ ပါ။

''ပြောပါမမ . . . ချောအိ ဘာလုပ်ပေးရမလဲ''

''တို့အချိန်ပိုင်းချစ်သူ။ (Part time lover) တစ်ယောက်လောက်လိုချင်တယ်ချောအိ''

''ရှင်''

သွင်ကတော့ အပြုံးမပျက်ပါ။ သူမအထိတ်တလန့် အံ့သြသွားရသောလည်း မြသားသွင်ကတော့ အပြုံးမပျက်ပါ။

''မိန်းကလေး ဖြစ်ရမယ်၊ ငယ်ရမယ်၊ ချောရမယ်၊ တို့က ခေါင်းခါပြလိုက်တဲ့အချိန်မှာ အလွယ်တကူ နောက်ဆုတ်သွားမယ့် လူမျိုးလည်း ဖြစ်ရမယ်။အရေး ကြီးတာကအဲဒီ ကောင်မလေးမှာ ကူးစက်တတ်တဲ့ရောဂါ မရှိကြောင်း၊ သွေးစစ်ချက်ထောက်ခံစာတင်ပြနိုင် ရမယ်၊ ဘယ်လိုလဲ ချောအိဖြူ၊ မင်းရှာပေးနိုင်မလား''

ဘုရားရေဘယ်လိုတောင်းဆိုမှုကြီးပါလိမ့်။

သူမလေးစားအားကျခဲ့တဲ့မြသားသွင်ဟာ ဒီလိုမိန်းမစားမျိုးလား။ ပြီးတော့ သူမကိုရော ဘယ်လိုအတန်းအစားမျိုးထင်လို့ ခုလို အကူအညီမျိုးတောင်းဆိုလာရဲရတာ လဲ။ချောမောနုညက်လွန်းသည့် မြသားသွင်မျက်နှာကို အကဲခတ်သလို ငေးကြည့်နေမိတုန်းမှာ ပဲ မြသားသွင် မပွင့်တပွင့်ပြုံးလာ၏ ။ ''မင်းကြည့်ရတာ ဦးနှောက်တွေ သိပ်အလုပ်လုပ်နေပုံပဲချောအိဖြူ . . . အချိန်ပိုင်းချစ်သူအ ဖြစ်ဟန်ဆောင်မယ့် မိန်းကလေးကို တို့အသုံးချမှာ မဟုတ်ပါဘူး. . . တခြားအမျိုးသားတစ်ယောက်အတွက်ပါ . . . ပြီးတော့ ခန္ဓာကိုယ်ကိုရင်းနှီးစားမယ့် အပေါစားမိန်းကလေး မျိုးကို လိုချင်တာလည်း မဟုတ်ဘူး . . . စိတ်ညစ်နေတဲ့ ယောကျ်ားတစ်ယောက် ပျော်ရွှင်တက်ကြွလာအောင်၊ အေးစက်နေတဲ့နှလုံးသား တစ်ခုရင်ခုန်လှုပ်နိုးလာအောင် စွမ်းဆောင်နိုင်မယ့် မိန်းကလေးမျိုးကို ဆိုလိုတာ။

လှပသွက်လက်ပြီးဆွဲဆောင်နိုင်မယ့်မိန်းကလေးမျိုးပေ့ါ။

လိုအပ်လို့ အသည်းနှလုံးတွေ ၊ မေတ္တာတရားအကြောင်းတွေ ပြောလာရင်လည်း ပြုံးပြုံးလေး နားထောင်ပေးနိုင်မယ့် မိန်းကလေးမျိုး၊ ဘယ်လိုလဲချောအိဖြူ၊ အဲဒီ လိုမိန်းကလေးမျိုးတစ်ယောက်တစ်လေလောက်မရှိဘူးလား''

''မမ ဘယ်သူ့အတွက် ရှာပေးချင်တာလဲ၊ မမပြောတဲ့ အမျိုးသားတစ်ယောက်ဆိုတာဘယ်သူ့ကို ဆိုလိုတာလဲဟင်''

မြသားသွင် သက်ပြင်းဖွဖွလေးချသည်။ပြီးမှ . . .

မပွင့်တပွင့်ပြုံးရင်း တိုးတိုးလေးဆက်ပြော၏ ။

''မင်းရဲ့ဆရာ . . . တို့ရဲ့ခင်ပွန်း ''နေဘုန်းရောင်'' အတွက်ပေ့ါ ချောအိဖြူ''

''ရှင်''

''ဟုတ်တယ်ချောအိ၊ သူအလုပ်ထဲမှာ ငြီးငွေ့ပြီး မပျော်မရွှင် ဖြစ်နေတာကြာပြီ။ တက်ကြွလန်းဆန်းမှု မရှိသလို၊အာရုံစူးစိုက်မှုလည်း နည်းနေတယ်။ ဒါကြောင့် အလုပ်ထဲမှာ ရောလူမှုရေး နယ်ပယ်မှာ ပါပျော်ရွှင်တက်ကြွလာအောင် အချိန်ပိုင်းချစ်သူတစ်ယောက်လောက် ထားချင်ထားပါစေဆိုတဲ့ စိတ်ကူးနဲ့ အခုလို စီစဉ်ရတာ ၊ ဟန်ဆောင်ချစ်သူအ ဖြစ် သရုပ်ဆောင်နိုင်မယ့် မိန်းကလေးကို သူ့ရဲ့ကိုယ်ရေး အတွင်းရေး မှူးအ ဖြစ် ခန့်ထားပေးဖို့ တို့စိတ်ကူးထားတယ်၊ချောအိ ဘယ်လိုသဘောရသလဲ''

''ဘုရားရေ လောကကြီးမှာ အခုလိုမျိုးခပ်ဆန်းဆန်းအ ဖြစ်အပျက်တွေ ရှိပါသေးလားဟုသည့်အတွေ းနှင့်မြသားသွင်၏ မျက်နှာ အားတအံ့တဩ လှမ်းကြည့်လိုက်မိသည်။ ပြီးမှ ပင့်သက်ရှိုက်ရင်းကယောက်ကတန်းမေးလိုက်၏ ။

''ဒါ ဒါပေမဲ့ မမ''

''ဘာလဲ ချောအိဖြူ''

''ဟိုလေ အဲဒီ မိန်းကလေးကို ဆရာတကယ် ရင်ခုန်သွားရင် ဘယ့်နှယ့်လုပ်မလဲ''

မြသားသွင် လှလှပပပြုံးလိုက်သည်။

သူမ၏ အပြုံးကကိုယ့်ကိုယ်ကိုယုံကြည်မှုရှိသည့်အပြုံးလား၊ ကံကြမ္မာကိုပင် ယုံကြည်စိတ်ချလိုက်သည့်အပြုံးလား။ ကံကြမ္မာ ကိုပင် ယုံကြည်စိတ်ချလိုက်သည့်အပြုံးလား၊ ချောအိဖြူ ဝေခွဲ၍ မရ။

''အဲဒီ လို ရင်ခုန်သွားရင်တော့ ကံတရားအတိုင်းပေ့ါ ချောအိဖြူ''

''ဟင်''

''ဟုတ်တယ်ညီ၊ သူသာရင်ခုန်သွားရင် ဘယ်လိုလုပ်သင့်သလဲဆိုတာ တို့ ကြိုတင်စဉ်းစားမထားခဲ့ဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ သူဟာ ဘယ်တုန်းကမှ ရင်မခုန်တတ်ခဲ့လို့ပဲ''

''ရှင်''

''သူနဲ့တို့ ပေါင်းသင်းလာခဲ့တဲ့ ဆယ်နှစ် တာကာလအတွင် းမှာ သူတစ်ခါမှ ရင်မခုန်ခဲ့ဖူးဘူးချောအိဖြူ၊ သူဟာ ရင်ဘယ်လို ခုန်ရမှန်းသိတဲ့လူ မဟုတ်သလို၊ အချစ်ဆိုတာကိုလည်းဘယ်တုန်းကမှ နားလည်ခဲ့တဲ့လူ မဟုတ်ဘူးလေ။ အဲဒီ လို လူတစ်ယောက်ဟာ အခု စိတ်ကျဝေဒနာပါခံစားလာရတော့ သူ့ဘဝဘယ်လောက်တောင် ခြောက်သွေ့လိုက်မလဲ၊ ညီမစဉ်းစားကြည့်စမ်းပါ''

မြသားသွင်၏ လေသံက စိတ်မကောင်းဟန်ဖြင့်လှိုက်ခါလာကြောင်း ချောအိဖြူ သတိပြုလိုက်မိသည်။စောစောက တောက်ပနေ ခဲ့သော

အညိုရောင်မျက်ဝန်းများ က ရုတ်တရက် မှိုင်းဝေလာပြီး သက်ပြင်းတစ်ချက်ကိုဖွဖွရှိုက်သွင်းလိုက်လေသည်။

''သူ့ကို ပျော်ရွှင်တက်ကြွလာအောင် လုပ်ပေးဖို့၊ တို့ရဲ့အစီအစဉ်မှာ ဝင်မပါချင်ဘူးလား ချောအိဖြူ၊ မင်းတို့ကို မကူညီချင် ဘူးလား''

အားတက်သရောမေးလာသော မြသားသွင်အား ပြန်ကြည့်ရင်း၊ ချောအိဖြူခေါင်းကို အသာအယာညိတ်ပြလိုက်သည်။

''ချောအိ . . . ကူညီပါ့မယ် မမ''

*

## နေဘုန်းရောင် VS မြသားသွင်

သူ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေနှင့် ပတ်သက်ပြီးဇဝေဇဝါ ဖြစ်ရမည့် ကိစ္စတစ်ခုအား နေဘုန်းရောင် သတိထားမိလာသည်မှာ သိပ်မကြာလှသေး။

မှတ်မှတ်ရရ ''ထရိတ်ဒါး'' ဟိုတယ်၌ ကျင်းပသော စက်မှုပညာရှင်တစ်ယောက်၏ နည်းပညာဟောပြောပွဲသို့ သူသွားရောက် တက်ခဲ့သော နေ့က ဖြစ်သည်။ ထိုပွဲတက်ခွင့်အတွက်ဒေါ်လာ နှစ် ရာပေးရသဖြင့် ကုန်ကျစရိတ်နှင့်တန်အောင် နားထောင်သင်ယူမည် ဟု သူအားခဲထားခဲ့သည်။

အသံဖမ်းရန် (အမ်ပီဖိုး) ယူဆောင်သွားသလို (လက်တော့ကွန်ပျူတာ) ကိုလည်းမပျက်မကွက် ယူဆောင်ခဲ့၏ ။ သို့ သော် ပွဲစ၍ ဆယ်မိနစ်ကြာသည့်တိုင်အောင် ပို့ချချက်များ အပေါ် အာရုံစူးစိုက်၍ မရခဲ့။ ပိုဆိုးတာက ဟောပြောပွဲတစ်ဝက်လောက်၌ သူအိပ် ပျော်သွားခဲ့ခြင်း ဖြစ်သည်။

ဘယ်လို ဖြစ်တာပါလိမ့်။

စိတ်ဝင်စားတဲ့ ကိစ္စတွေ အပေါ် အမြဲတန်း အာရုံစူးစိုက်လွယ်ခဲ့တဲ့သူဟာ ဘာကြောင့်များ ခုလို ဖြစ်သွားရတာ လဲ။ သူ့ကိုယ်သူ အားမရစွာ ကြိတ်မနိုင်ခဲမရ ဖြစ်နေခဲ့မိသည်။

ထိုမှရက်သတ္တပတ်အနည်းငယ်အကြာ ယနေ့နံနက်၌ ဒုတိယအကြိမ်မြောက် စိတ်ပျံ့လွင့်မှုနှင့် ထပ်မံဂင်ဆိုင်လိုက်ရပြန်သည်။ သူ့ကုမ္ပဏီအပါအဝင် ကုမ္ပဏီသုံးခုပူးပေါင်း၍ စက်ပူမှ ခေါ်ယူသော လုပ်ငန်းတင်ဒါတစ်ခုအတွက် ဆွေးနွေးပွဲကျင်းပခဲ့ကြသည်။ ထိုပွဲ၌ ကုမ္ပဏီစီအီးအိုများ အပြန်အလှန်ဆွေးနွေးကြသော်လည်း သူကတော့ စိတ်နောက်ကျိအုံ့မှိုင်းကာ ဆွေးနွေးမှုအပေါ် စိတ်ဝင်စား၍ မရဘဲရှိနေခဲ့သည်။ ထို့ကြောင့် Note စာရွက်ပေါ်၌ ရောက်တတ်ရာရာ ရေး ခြစ်နေခဲ့မိ၏ ။ ထိုအချိန်မှာ ပင် ရိမ်းဘိုးအုပ်စုမှ ကိုထွန်းနိုင်သိန်းက သူ့အားလှမ်းမေးလာခဲ့သည်။

''ကိုနေဘုန်းရောင် ဂျေဒီက ကမ်းလှမ်းတဲ့စျေးနှုန်းအပေါ် ဘယ်လိုသဘောရသလဲ''

''ဗျာ . . . အင်းဂျေဒီပေးတဲ့စျေးနှုန်းကတော့''

ပြောနေရင်း သူ့စကားတစ်ဝက်တစ်ပျက် ထစ်ငေါ့ရပ်ဆိုင်းသွားကြ၏ ။ မြတ်စွာဘုရား ဂျေဒီရဲ့ (အော်ဖာပရိုက်ဇ်) က ဘယ်လောက် ပါလိမ့်။ ပြီးတော့ ဒေါ်လာနဲ့လား၊ ယူရိုငွေနဲ့လား. . .

အံ့သြဖွယ်ကောင်းလောက်အောင်ပင် ယခုဆွေးနွေးပုံ၏ အရေး အကြီးဆုံး ဖြစ်သော စျေးနှုန်းကိန်းဂဏန်းများ အားလုံး သူ၏ မှတ်ဉာဏ်ထဲမှ ပျောက်ဆုံးနေခဲ့ကြ၏ ။

သို့ သော် ကံကောင်းထောက်မစွာပင်သူ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက သူ့အခက်အခဲကို ဝင်ရောက်ဖြေရှင်းပေးခဲ့သည်။

''ဂျေဒီပေးတဲ့စျေးက နည်းတယ် ဦးထွန်းနိုင်သိန်း။ အရင်စျေးထက်

ဆယ့်နှစ် ရာခိုင်နှုန်းလောက် လျော့ထားတယ်''

''ဒါဆို ခင်ဗျားတို့ ကုမ္ပဏီက စိတ်မဝင်စားဘူးပေ့ါ။ ကောင်းပြီလေ၊ ကျွန်တော် ပြောချင်တာက . . .''

ဆွေးနွေးပွဲမှာ သူမပါဘဲချောမွေ့စွာဆက်လက်စီးဆင်းသွားသဖြင့် ဘုရားမတာပဲဟု တွေ းလိုက်မိသည်။ ခဏနေတော့ ဘေးမှ လူတချို့ကို ခွင့်တောင်းပြီး သန့်စင်ခန်းရှိရာဘက်သို့ ထွက်လာခဲ့၏ ။

ဟိုတယ်သန့်စင်ခန်းထဲရောက်တော့ရေအေးအေးနှင့် မျက်နှာသစ်၍ သူ့စိတ်တို့ပြန်လည်လည်း လန်းဆန်းလာအောင် ကြိုးစား လိုက်သော လည်းအချည်းနှီးသာလျှင် ဖြစ်သည်။ သူ၏ စိတ်တို့က ဘာမှန်းမသိသော ရှုတ်ထွေးမှုတို့နှင့် လေးလံအုံ့မှိုင်းနေကြ၏ ။ မှန်ထဲမှ သူ့မျက်နှာကိုကြည့်လိုက်တော့အိပ်ရေး ပျက်ထားသလိုမျိုး၊ ပင်ပန်းနွမ်းနယ်နေသလိုမျိုးလည်း ဖြစ်မနေပါ။

ခါတိုင်းတွေ့ နေကျ အသားညိုညို မေးရိုးကားကားနှင့် အသက်သုံးဆယ့်လေးနှစ် အရွယ် သာမန်ယောကျ်ားတစ်ယောက်၏ မျက်နှာသာ ဖြစ်ပါသည်။ ပြောရလျှင် ထိုမျက်နှာပိုင်ရှင်သည်အောင်မြင်သော စီးပွားရေး လုပ်ငန်းများ ကို ဦးဆောင်သူ၊ ချမ်းမြေ့သာယာသော မိသားစုတစ်ခုကိုပိုင်ဆိုင်သူဟုပင် ပြောရပါလိမ့်မည် ။

ဒါနဲ့တောင် ငါဘာတွေ ဖြစ်နေရပါလိမ့်။

မှန်ထဲမှာ မြင်နေရသော သူ့မျက်နှာကိုသူပြန်ကြည့်နေဆဲမှာ ပင် ထိုမျက်နှာပေါ်၌ တစ်စုံတစ်ရာပျောက်ဆုံးနေကြောင်း (သို့ မဟုတ်) မှိန်ဖြော့အားနည်းနေကြောင်း သူတဖြည်းဖြည်းသဘောပေါက်လာရသည်။

ထိုတစ်စုံတစ်ရာမှာ ပျော်ရွှင်တက်ကြွမှု ဖြစ်လိမ့်မည် ဟု သူထင်ပါသည်။

နောက်ထပ် လေးဆယ့်ငါးမိနစ်အကြာ ဆွေးနွေးပွဲပြီးဆုံး၍ ကားပေါ်ပြန်ရောက်ချိန်၌ သူ၏ ယာဉ်မောင်းလည်း ဖြစ်ပြီး လူယုံ လည်း ဖြစ်သူ ''အိုဝင်'' အားလှမ်းပြောလိုက်သည်။

''အင်းလျားလမ်းက ငါ့အသိဆရာဝန်ဆီကိုမောင်းကွာ''

''ဟိုတစ်ခါ ကလေးမွေးနေ့ပွဲဖိတ်တဲ့ ဆရာဝန်ဆီကိုလား''

''အေး အထူးကုဆရာဝန်ကြီးဒေါက်တာ အောင်မင်းမြတ်အိမ်ကိုပြောတာ''

''ဟုတ်ကဲ့''

အိုဝင်ကကားကို ဖြည်းဖြည်းလေးမောင်းထွက်လိုက်ချိန်၌ သူကခန္ဓာကိုယ်အား ဖြေလျော့ကာ ကားထိုင်ခုံပေါ်ခြေပစ်လက်ပစ် ထိုင်ချလိုက်၏ ။ သို့ သော် တင်းကျပ်နေသည့် စိတ်တို့ကတော့ အလွယ်တကူပြေလျော့မလာခဲ့။

*

''အဲဒါပဲ ကိုအောင်မင်းမြတ် . . . ခင်ဗျား ဘယ်လိုသုံးသပ်ပြီး ဘယ်လို ဘယ်လို အကြံပေးချင်သလဲ၊ ကျွန်တော် ဘာဆေးတွေ သောက်ဖို့လိုအပ်သလဲ''

သူငယ်ချင်းအရင်းခေါက်ခေါက်မဟုတ်သော် လည်း ဂေါက်သီးရိုက်ဖော်ရိုက်ဖက် ရင်းနှီးသော မိတ်ဆွေ ဖြစ်နေ၍ သူက ပွင့်ပွင့် လင်းလင်းပြောပြပြီး ထင်မြင်ချက်ကိုမေးလိုက်သည်။

ဒေါက်တာ အောင်မင်းမြတ်ကလည်း သူ့ကိုလူနာတစ်ယောက်လို စမ်းသပ်စစ်ဆေးနေခြင်းမဟုတ်ပါ။ခြံထဲ မြက်ခင်းပြင်သို့ ခေါ်ကာ ကော်ဖီနှင့်ဧည့်ခံနေခြင်း ဖြစ်သည်။

''အာရုံစူးစိုက်လို့မရတာ တို့၊ ဘာကိုမှ စိတ်ဝင်စားလို့မရတာ တို့ကကျွန်တော် တို့လည်းအလုပ်ပင်ပန်းပြီး Tension တွေ များ တဲ့ တစ်ခါတရံမှာ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ ခင်ဗျားပြောသလို နေရထိုင်ရတာ တစ်ခုခုလိုပြီးမပျော်တာ၊ လက်ရှိဘဝကိုငြီးငွေ့တာ။ ဘာ အကြောင်းမှမရှိဘဲစိတ်ရှုတ်ထွေးနေတတ်တာတို့ကတော့ (Depression) အနုစားလို့ပြောရလိမ့်မယ်။ အဲဒီ အတွက် ဆေးစွဲသောက်ရ လိမ့်မယ်''

''အဲဒီ ရောဂါက ပျောက်နိုင်ရဲ့လားကိုအောင်မင်းမြတ်''

သူစိုးရိမ်တကြီးမေးလိုက်တော့ဒေါက်တာ အောင်မင်းမြတ်က အသံထွက်ရယ်မောရင်း သူ့အား လှမ်းကြည့်လေသည်။

''ဒီခေတ်မှာ ခင်ဗျားထက်ဆိုးတဲ့ စိတ်ကျဝေဒနာရှင်တွေ ကိုတောင် အချိန်သုံးလေးပတ်နဲ့ပျောက်အောင် ကုနေနိုင်ပြီ ကိုနေ ဘုန်းရောင်ရဲ့။ခင်ဗျား ဝေဒနာအသေးအမွှားလေးလောက်တော့ စကားထဲတောင်ထည့်မပြောဘူး''

၎င်း၏ လေသံက ပိုင်ပိုင်နိုင်နိုင်ရှိလှသဖြင့် သူအနည်းငယ်စိတ်အေးသွားရသည်။

''ဒါပေမဲ့ တစ်ခုတော့ရှိတယ် ကိုနေဘုန်းရောင် . . . စိတ်ကျတာတို့၊ စိုးရိမ်သော ကဝင်တာတို့က ကိုယ့်ရဲ့လူနေမှုပုံစံနဲ့လည်း အများ ကြီးသက်ဆိုင်တယ်။ တစ်သက်လုံးရှင်းရှင်းပျောက်ဖို့ကိုယ့်ရဲ့ (Life Style) ကိုလည်းပြောင်းလဲရလိမ့်မယ်။ ဥပမာ ခင်ဗျားပဲ ဆိုပါတော့။ ခင်ဗျားက လူတွေ နဲ့ရင်းရင်းနှီးနှီးမနေဘဲ ဖာသိဖာသာနေတတ်တယ်။ အလုပ်ထဲမှာ ရေ အိမ်မှာ ပါမလိုအပ်ရင် စကားသိပ် မပြောဘဲ တစ်ယောက်တည်းနေလေ့ရှိတယ်။အဲဒီ တော့ လူတွေ ကလည်း ရှိန်ပြီး ခင်ဗျားနား မကပ်ကြတော့ဘူး။ ကျွန်တော် ပြောတာ ဟုတ်တယ်မဟုတ်လား။ အဲဒီ အကျင့်ကိုတော့ ခင်ဗျားပြင်ရလိမ့်မယ်''

ဆရာဝန်၏ စကားက ဟုတ်မှန်နေသဖြင့်သူမငြင်းသာတော့ဘဲ

ခေါင်းညိတ်ဝန်ခံလိုက်ဂသည်။ လူတွေ နှင့် မရောနှောဘဲ ဖာ
သိဖာသာနေတတ်ခြင်းက သူ၏ မွေးရာပါသန္ဓေလို ဖြစ်နေသဖြင့်
ထိုအကျင့်ကိုတော့အတော့်ကို ခက်ခက်ခဲခဲ ပြုပြင်ရပါလိမ့်မည် ။

''ကိုယ်က အချစ်ခံချင်ရင်လူတွေ ကိုလည်း အချစ်ပြန်ပေးရလိမ့်မယ်
ကိုနေဘုန်းရောင် . . . မေတ္တာလိုချင်တဲ့လူဟာ မေတ္တာပြန်ပေးရတယ်''

''ကျွန်တော် က မေတ္တာငတ်နေလို့လား ကိုအောင်မင်းမြတ်''

အောင်မင်းမြတ်က မပွင့်တပွင့်ပြုံးရင်း သူ့ကိုစိုက်ကြည့်လာ၏ ။

''ဟိုတစ်ခါ ဘီယာဝိုင်းမှာ ပြောခဲ့တဲ့စကားတွေ အရဆိုရင်တော့
ခင်ဗျားဘဝဟာ မေတ္တာငတ်နေတာ အမှန်ပဲ ကိုနေဘုန်းရောင်။
ခင်ဗျားပဲပြောခဲ့တယ်လေ၊ ခင်ဗျားဘဝမှာ မိဘမေတ္တာကို မခံစားခဲ့ရသလို၊
ညီကိုမောင်နှမဆိုလို့လည်း တစ်ယောက်မှ မရှိဘူးဆို''

''အဲဒါအမှန်ပဲ ကိုအောင်မင်းမြတ်။ ကျွန်တော့်မိဘ
ဘယ်သူလဲဆိုတာတောင် ကျွန်တော် သိခွင့်မရခဲ့ဘူး။ ကျွန်တော့်ကိုဘုန်းကြီး
ကျောင်းတစ်ကျောင်းရဲ့ရှေ့မှာ မိဘတွေ က စွန့်ပစ်သွားခဲ့ကြတာ။
ညီအစ်ကိုမောင်နှမတို့ ဆွေမျိုးအသိုင်းအဝိုင်းတို့ဆိုတာတွေ ကတော့ အဝေးကြီးပဲ''

ပြောရင်း ငယ်ဘဝကို သတိရစိတ်ဖြင့် သူ့ရင်ထဲသို့
နာကျည်းကြေကွဲမှုတွေ က ထိုးခွဲဝင်ရောက်လာကြသည်။ ဒေါက်တာ
အောင်မင်းမြတ်က သူ့အခြေအနေကိုရိပ်မိဟန်ဖြင့် စကားဖြတ်ကာ ဝင်ပြောလာ၏ ။

''အကောင်းဆုံးကတော့ ခင်ဗျားအနီးက လူတွေ
ကိုချစ်နိုင်အောင်ကြိုးစားပါ ကိုနေဘုန်းရောင်။အဲဒါဆို ခင်ဗျားဝေဒနာ သက်သာ
လာလိမ့်မယ်။ဒီ့ထက်ထိရောက်တဲ့ ဆေးမြီးတိုတစ်ခု အကြံပေးရရင်တော့
ခင်ဗျားရည်းစားတစ်ယောက်လောက်ထားလိုက်''

''ဗျာ . . . ရည်းစား''

''ဟုတ်တယ် ကိုနေဘုန်းရောင်၊ ခင်ဗျားမိန်းမမြသားသွင်သာကြားရင်တော့ ကျွန်တော့်ကိုသတ်မှာ ပဲ။ ဒါပေမဲ့ ယောကျ်ားချင်း လက်ကုတ်ပြီး အကြံပေးရရင်တော့ အဲဒီ နည်းက ထိရောက်တယ်ကိုယ့်လူ။ အင်တာနက်မှာ နောက်ဆုံးဖတ်ထားတဲ့သတင်းအရ . . . ဘဝကို ငြီးငွေ့နေသူတွေ အတွက် အထိရောက်ဆုံးဆေးက အချစ်တဲ့။ ဘာမှတ်သလဲ။ ချစ်သူရှိလာပြီဆိုတာနဲ့ လူဟာ အလိုလို တက်ကြွ ပျော်ရွှင်လာတယ်။ ဘဝကို တွယ်တာလာတယ်။ ကိုယ့်ကိုယ်ကို သတ်သေချင်ပါတယ်ဆိုတဲ့လူတွေ တောင် ချစ်သူရှိလာပြီဆိုရင် ကျန်းမာရေး ကို ဂရုစိုက်လာကြတယ်။အချစ်ရဲ့ စွမ်းအားက ဘယ်လောက်ကြီးမားသလဲ''

ဆရာဝန်၏ ကဗျာဆန်လှသော စကားကြောင့် သူရယ်မောလိုက်မိသည်။ ယနေ့အဖို့ပထမဆုံးအကြိမ်ပေါ့ပေါ့ပါးပါး ရယ်မောလိုက် မိခြင်းလည်း ဖြစ်သည်။

မုန့်ပန်းကန်ကိုင်၍ အနားရောက်လာသော ဆရာဝန်ကတော် သီရိက အောင်မင်းမြတ်အား လှမ်းမေး၏ ။

''ကိုနေဘုန်းရောင်ကို ဘာတွေ မြှောက်ပေးနေတာလဲ''

''မြှောက်ပေးတာမဟုတ်ပါဘူး မိန်းမရာ၊ ရည်းစားထားကြည့်ဖို့ရိုးရိုးသားသား အကြံပေးတာပါ''

''ရှင်နော် မြသားသွင်သိရင် စွေ့စွေ့ခုန်နေလိမ့်မယ်

သူမမသီရိယူထားသည့် ဆင်းဒွစ်ကို ယူစားရင်း ဆရာဝန်လင်မယားကိုကြည့်ကာ ပြုံးလိုက်မိသည်။

''ကျွန်တော် ကိုယ်တိုင်လည်း ကိုအောင်မင်းမြတ်ရဲ့ အကြံအတိုင်းအကောင်အထည်ဖော်ကြည့်ချင်ပါတယ်ဗျာ။ဒါပေမဲ့ အခက်အခဲ

တစ်ခုတော့ရှိတယ်''

''ဘာလဲ မြသားသွင် ပြန်သိသွားမှာ စိုးလို့ မဟုတ်လား''

''မဟုတ်ဘူး မသီရိ၊ အချစ်ဆိုတာကို ကျွန်တော် ကိုယ်တိုင် မသိသေးတာကြောင့်ပါ။ ခပ်လွယ်လွယ်ပြောရရင် ကျွန်တော် မချစ်တတ်ဘူးဗျ''

''ဘုရားရေ သားတစ်ယောက်သမီးတစ်ယောက်မွေးထားတဲ့ကလေးနှစ်ယောက်ဖခင်ကြီးက မချစ်တတ်သေးဘူးလားရှင့်''

သီရိက အံ့သြလိုမေးတော့သူပြုံးရုံသာပြုံးပြီးခေါင်းညိတ်ပြလိုက်သည်။

သူ့ဘဝ၌ အချစ်ဆိုတာကို ဘယ်တုန်းကမှ မသိခဲ့ဘူးကြောင်း မည်သူမျှယုံကြည်လက်ခံလိမ့်မည် မဟုတ်သော်လည်းထိုအတိုင်း ဖြစ်ခဲ့တာကတော့ အမှန်ပဲ ဖြစ်သည်

*

# အခန်း (၂)

နှင်းမှုန်တွေ ကျဆင်းနေသည့် ညတစ်ည၊ ဘုန်းကြီးကျောင်းတစ်ကျောင်းရှေ့၌ အနီးထုပ်လေးနှင့်စွန့်ပစ်ခံခဲ့ရသော ကလေး ဘဝ၏ အစမှာ ပင် မေတ္တာတရားက သူနှင့်အတော် လှမ်းလှမ်းနေရာသို့ ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။

ကျောင်းစောင့် ကပ္ပိယကြီးကသူ့အား ကယ်တင်စောင့်ရှောက်ခဲ့သော လည်း ချစ်ပုံတော့မရခဲ့။ လောကီကိစ္စတွေ ကို စိတ်ကုန်၍ ဘုန်းကြီးကျောင်း၌ လာရောက်ခိုကပ်နေထိုင်နေရသူတစ်ယောက်အတွက် ကလေးငယ်တစ်ဦးအား၊ မွေးစားရခြင်းမှာ အလုပ်ရှုတ်ခြင်း သက်သက်သာ ဖြစ်ပါလိမ့်မည် ။

''မင်းငယ်ငယ်က မကြာခဏဝိုလ္လွန်းလို့ ဖိုထိုးပျက်တယ်ဆိုပြီး တော် တော် စိတ်ရှုတ်ခဲ့ရတာ ကွ''

သူနားလည်သော အရွယ်ရောက်လာတော့ ကပ္ပိယကြီးကသူ့အား ထိုအတိုင်းပြန်ပြောခဲ့ပါသည်။ သူ့ကြောင့် အလုပ်ရှုတ်ခဲ့ရခြင်းအတွက် အားနာသော လည်း ဘယ်လိုတောင်းပန်ရမှန်းမသိသဖြင့် ဇင်း၏ ဝေယျာဝစ္စများ ကိုသာ သိမ်းကျုံးလုပ်ကိုင်ပေးခဲ့ရ၏ ။

ချစ်ခြင်းမုန်းခြင်းတို့နှင့် ကင်းပြတ်သူကျောင်းထိုင်ဆရာတော် ကတော့ သူ့အား သနားရုံထက်ပိုခဲ့လိမ့်မည် မဟုတ်ပါ။

''မင်းကို နေလိုလလို ဘုန်းကံကြီးစေချင်လို့နေဘုန်းရောင် လို့ နာမည် မှည့်ခဲ့တာကွ။ အဲဒီ တော့သူများ ထက် ဘုန်းကြီးပြီး သူများ ထက် အောင်မြင်ချင်ရင် သူတကာထက် ပိုကြိုးစားရလိမ့်မည် ။ ကြားလား နေဘုန်းရောင်''

''တင်ပ့ါဘုရား''

''အေး ဆွမ်းချိုင့်တွေ လှယ်ပြီးရင် စာသွားကျက်တော့''

သူ၏ ငယ်ဘဝက သူများ ကလေးတွေ လိုဆော့ကစားချိန်မရှိသလို အနားရ အားလပ်ချိန်လည်း မရှိခဲ့၊ အုန်းမောင်းခေါက်ချိန်မှ စ၍ တစ်ကျောင်းလုံး၏ အောင်ခြေသိမ်းကိစ္စမှန်သမျှ ဇယ်ဆက်သလို လုပ်ကိုင်ခဲ့ရပြီး ကျန်အချိန်များ မှာတော့ ဆရာတော် ၏ ဆန္ဒအတိုင်း စာဝါလိုက်ခဲ့ရသည်။

သူကဉာဏ်ကောင်းသူ ဖြစ်သဖြင့် ဆရာတော် နှုတ်တိုက်ချပေးသည့် စာဝါမှန်သမျှအားဂျောင်းဂျောင်းပြေးရွတ်ဖတ်နိုင်ခဲ့သည်။ သုတ်တစ်သုတ်ကိုနှစ် ရက်သုံးရက်နှင့် အလွတ်ရအောင် ကျက်နိုင်သော သူ့အား ဆရာတော် ကတအံ့တသြကြည့်ပြီး မှတ်ချက် ချသည်။

''မင်းကတော့ အာဂကောင်ပဲနေဘုန်းရောင်၊ မင်းသာဘုန်းကြီး ဖြစ်လာရင် ပိဋကတ်သုံးပုံကိုအာဂုံဆောင်နိုင်လိမ့်မယ်''

ဆရာတော် ကသူ့အား ဘုန်းကြီး ဖြစ်လာလိမ့်မည် ဟု မျှော်လင့်ထားခဲ့သလို ကပ္ပိယဦးမှုံကြီးကလည်း . . .

''မင်းဘဝ ဘုန်းကြီးကျောင်းသားပဲ၊ တစ်နေ့ ဖြစ်လှရင် ကျောင်းဆိုင်ကိုယ်တော် ပေ့ါကွာ''

ဟု ခန့်မှန်းခဲ့၏ ။

သို့ သော် သူဉာဏ်ကောင်းမှုကို သတိပြုမိသော ကျောင်းတကာက ဆရာတော် ကိုလျှောက်ပြီး သူ့အား အတန်းကျောင်းထား ပေးခဲ့ခြင်းဖြင့်သူ့ဘဝကတစ်နည်းတစ်ဖုံပြောင်းလဲလာခဲ့သည်။

ထိုပြောင်းလဲမှုတွေ ထဲက တစ်ခုမှာ ကပ္ပိယဦးမှုံကြီး၏ ဩဝါဒစကားကြောင့် လိုချင်မှုမှန်သမျှကို ချိုးနှိမ်ပယ်သတ်နိုင်ခဲ့ခြင်း ဖြစ် သည်။ တစ်ရက်အတန်းထဲမှ ကျောင်းသားတစ်ယောက်၏ လွယ်အိတ်မျိုး လိုချင်သည်ဟု လွှတ်ခနဲပြောလိုက်မိသော အခါ ဦးမှုံကြီး က . . .

''ဟော့ကောင် နေဘုန်းရောင် မင်းဘဝက ဥတစ်လုံးတစ်ကောင်ကြွက်၊ ဘုန်းကြီးကျောင်းသား၊ဒီတော့ တစ်ခြားကလေးတွေ လို ဟိုဟာလိုချင်၊ ဒီဟာလိုချင်ဆိုတဲ့လိုချင်တက်မက်မှုကို ဖျောက်ကွ။ လိုချင်လို့လည်း မင်းမှာ ပူဆာရမယ့်လူ ရှိတာမဟုတ်ဘူး။ ဒီတော့ မင်းဘဝမှာ ဒုက္ခနည်းချင်ရင် ငါတစ်ခု အကြံပေးမယ်၊ ဘာကိုမှ မလိုချင် မတတ်မက်နဲ့။ ဘာကိုမှ အစွဲလန်းထားပြီး မတွယ်တာနဲ့။ မင်းက တစ်ယောက်ယောက်ကို သွားတွယ်တာပေမယ့်ဟိုက မင်းကို ဘုန်းကြီးကျောင်းသားပဲဆိုပြီးအဆက်အဆံမ လုပ်ရင် မင်းပဲ ခံစားရလိမ့်မယ်။ ငါပြောတာ မှတ်ထားကောင်လေး''

ရွှံ့ပျော့ပျော့ထဲ ခဲနဲ့ပစ်သွင်းလိုက်သလို ထိုစကားလုံးများ အားသူအသေအချာ မှတ်သားထားခဲ့မိ၏ ။

ဒါကြောင့်လည်း နေဘုန်းရောင်ရဲ့ဘဝမှာ ဘာကိုမှ မတက်မက်ခဲ့သလို ဘယ်သူ့ကိုမှလည်း မတွယ်တာမိခဲ့တာပါ။ သူ့ဇနီး ဖြစ် လာမယ့် မြသားသွင်က အစပေ့ါ။

မြသားသွင်နှင့်သူ ဆုံဆည်းခဲ့မှုကတော့ ဝတ္ထုဆန်လွန်းလှပါသည်။

သူမူလတန်းအောင်တော့ ဆယ့်ငါးမိုင်မှဝေးသော မြို့ကလေးသို့ အလယ်တန်းသွားတက်ရမည့်အခြေအနေနှင့် ကြုံကြိုက်လာ၏ ။ ဘုန်းကြီးကျောင်းမှနေ့စဉ်သွားတက်ရန်မ ဖြစ်နိုင်ဖြင့် မြို့ကလေးရှိ သစ်စက်တစ်ခုဆီသို့ ကျောင်းဒကာက အလုပ်သွင်းပေးပြီးအလုပ်တစ်ဖက်နှင့် ကျောင်းတက်ရန် စီစဉ်ပေးခဲ့သည်။

ဒီမှာ ပင် မြသားသွင်၏ ဖခင်သစ်စက်ပိုင်ရှင် ဦးမြသွင်နှင့် သူ ဆုံဆည်းလာရခြင်း ဖြစ်သည်။ ဦးမြသွင်ပိုင် သစ်စက်၌ လက်တိုလက် တောင်းအ ဖြစ် အလုပ်ဝင်ခဲ့ရပြီး အလုပ်လုပ်ရင်း ကျောင်းတစ်ဖက်ပြေးတက်ခဲ့ရသည်။

မြို့လယ်၌ ရှိသည့် ဦးမြသွင်တို့၏ အိမ်ကြီးရှေ့မှဖြတ်သွားတိုင်း

ရေနံချေးဝနေသည့် ထိုနှစ် ထပ်ပျဉ်ထောင်အိမ် မည်းမည်းကြီးထဲ၌ နောင်တစ်ချိန် သူ၏ ဇနီးသည် ဖြစ်လာမည့်ကောင်မလေးတစ်ယောက် ရှိနေလိမ့်မည် ဟု ယောင်လို့ပင်မတွေးမိခဲ့။

ထိုစဉ်ကမြသားသွင်မှာ မန္တလေးမြို့၌ ကျောင်းသွားတက်နေ၍ ထိုအိမ်ကြီးထဲ၌ ရှိမနေခဲ့ပါ။ နွေရာသီမှသာ တစ်ခါတရံပြန်ရောက် လာပြီး သူနှင့်တွေ့တော့ ရှစ်တန်းကျောင်းသူအရွယ်မျှ ရှိနေပြီ ဖြစ်၏။

''နေဘုန်းရောင်ဆိုတာ နင်လား''

''အေး''

''တို့နာမည် မြသားသွင်တဲ့။ အဋ္ဌမတန်းကျောင်းသူ၊ သူကော''

''ငါက ကိုးတန်း''

မြသားသွင်နှင့် ပထမဦးဆုံး တွေ့ဆုံခဲ့မှုမှာ သူအနည်းငယ်မှ ရင်မခုန်ခဲ့။ ဘဝပေးအခြေအနေအရ ရင်မခုန်အောင် လေ့ကျင့်ရင်း အသားကျနေခဲ့ပြီ ဖြစ်၏။

ထိုသို့ ရင်မခုန်တတ်သော သူနှင့် မြသားသွင်အား လက်ဆက်ပေးရန်စိတ်ကူး၊သူ့ဒွေး ဦးမြသွင်၏ ဦးနှောက်ထဲသို့ ရောက်ရှိလာခဲ့ ခြင်းမှာ သူ၏ နေထိုင်မှုပုံစံနှင့် များစွာ သက်ဆိုင်ခဲ့ပါလိမ့်မည်။

သူကညဆိုဆယ့်နှစ် နာရီထက်စော၍ မအိပ်တတ်သလို မနက်ဆိုလျှင်လည်း ဘုန်းကြီးကျောင်းသားပီသစွာ အုန်းမောင်းခေါက် သံနှင့်အတူ နိုးနေတတ်သူ ဖြစ်သည်.

ထို့ကြောင့်သူ၏ အချိန်ပိုများ အား သစ်စက်မှ သစ်အတိုအစများ နှင့် ခွေးခြေ ကုလားထိုင်လေးများ လုပ်ခြင်းဖြင့် အချိန်ဖြုန်းခဲ့၏။
ကျွမ်းကျင်စွာလုပ်တတ်လာသော အခါ သူ့ဒွေးထံမှ သစ်တိုသစ်စများ ကို

သူတောင်းခဲ့သည်။''ဒီတိုင်းထားလည်း ဟိုလူဒီလူယူပြီး ဆိုက်ပစ် နေတာပဲ။ မင်းအသုံးလိုရင်ယူပေါ့''

သူ့အား ဘာလုပ်ဖို့လဲ တစ်ခွန်းမမေးသော် လည်းသူလုပ်တာကိုတော့ သူ့ဒွေးကစောင့်ကြည့်နေခဲ့သည်။

သူကသစ်စက်အလေအလွင့်သစ်အတိုအစများ အားပရိဘောဂ အကြမ်းထည်များ ပြုလုပ်ပြီး ဆိုင်များ သို့ လိုက်သွင်းခဲ့သလို၊ လက်ပွေ့အထမ်းသည်များ သို့ လည်းခေါက်ပြန်ကြေးနှင့်ရောင်းခိုင်းပြီး ကျောင်းစရိတ်ရအောင် အပိုဝင်ငွေရှာဖွေနိုင်ခဲ့သည်။

ထို့ပြင်သစ်စက်၏ ဘေးထွက်အလေအလွင့်လွှစာမှုန့်များ ကိုလည်း လေးထောင့်သံပုံးနှင့် ချိန်၍ လက်လီရောင်းနေရာမှသကြား ဖိုများ သို့ သွားစပ်ကာ ကန်ထရိုက်သွင်းပေးခြင်းဖြင့် သစ်စက်အတွက်ဝင်ငွေပိုရအောင် သူလုပ်ပေးနိုင်ခဲ့သည်။

ထို့အပြင်ဉာဏ်ကောင်းသော သူက အချိန်တိုအတွင်း းမှာ ပင်သစ်အမျိုးအစားခွဲခြင်း၊သစ်တန်တွက်ခြင်းများ ကိုကျွမ်းကျင်လာခဲ့ပြီး ဒုတိယလွှဝိုင်းဆရာအ ဖြစ်ပင် ဝင်ရောက်လုပ်ကိုင်ပေးနိုင်လာခဲ့သည်။

ထို့ကြောင့် သူကိုးတန်းကျောင်းသား ဖြစ်ချိန်၌ သစ်စက်၏ မန်နေဂျာသဖွယ် အရေး ပေးခံလာရခြင်းမှာ အံ့သြစရာမဟုတ်ဟု နီးစပ်သူများ က မှတ်ချက်ချခဲ့၏ ။

ဆယ်တန်းအောင်ချိန်၌ သူ့ဒွေးဦးမြသွင်က

''မင်း ရန်ကုန်မှာ ကျောင်းသွားတက်မလား၊ သစ်စက်ကို ဦးစီးမလား''

ဟု မေးလာသော အခါ ဒုတိယအခွင့်အရေး ကိုသာ သူရွေးခြယ်ခဲ့ပါသည်။အဝေးသင်တစ်ဖက်တက်ရင်း သစ်စက်ကို ဦးစီးခဲ့ခြင်း

ဖြစ်သော်လည်း သူ၏ လုပ်ရည်ကိုင်ရည်ကြောင့်
သစ်စက်ဝင်ငွေကယခင်ကထက်ပင်ပိုမိုကောင်းမွန်ခဲ့၏ ။

အကွက်မြင်၍ ဉာဏ်ကောင်းသော ဘုန်းကြီးကျောင်းသားလေးအား၊ သားမက်တော် ရန်စိတ်ကူးကို ထိုအချိန်များ မှာ ပင်သူဌေး ဦးမြသွင် စဉ်းစားလာခဲ့ခြင်း ဖြစ်ပါလိမ့်မည် ။

ထို့ကြောင့် သူအဝေးသင်တတိယနှစ် အောင်မြင်ပြီးချိန် ဦးမြသွင်၌ ကုမရတော့သည့်''ကင်ဆာ'' ဟူသော စစ်ဆေးတွေ့ ရှိ ချက် ထွက်ပေါ်လာချိန် . . . သူ့အား ခေါ်ယူမေးမြန်းခဲ့သည်။

''နေဘုန်းရောင်''

''ပြောပါဦးလေး''

''မင်းမြသားသွင်ကို လက်ထပ်နိုင်မလား''

သူ ကြက်သေသေကာ ဘာပြန်ပြောရမှန်းမသိအောင် ငေးကြောင်နေခဲ့မိသည်။

ဒါဟာ သူ့ကိုဆုလာဘ်ချီးမြှင့်ခြင်းတစ်မျိုးလား။ဒါမှမဟုတ် တာဝန်ပေးစေခိုင်းမှုတစ်ခုလား။

သူတစ်ပါးကျေးဇူးကို သိတတ်ရမည် ဟူသော မင်္ဂလာအဆုံးအမနှင့် ကြီးပြင်းလာခဲ့ရသည့်သူက သူဌေးအား ပြန်ပြောလိုက်သည်။

''ဟုတ်ကဲ့ လက်ထပ်ပါ့မယ်။မြသားသွင်နဲ့ လက်မထပ်ခင် သစ်ကွက်တစ်ကွက်လောက် တင်ဒါဆွဲပြီး တစ်ရာသီလောက် လုပ်ကြည့်ပါရစေ''

''ဘာအတွက်လဲ နေဘုန်းရောင်၊ သစ်ထုတ်လုပ်ရေး ဆိုတာ အကုန်အကျများ ပြီး ပင်ပန်းလွန်းပါတယ်''

''ဒါပေမဲ့ အကျိုးအမြတ်လည်း များ ပါတယ်ဦးလေ။

သစ်ကွက်တင်ဒါအောင်ရင်ဦးလေးကို ကျွန်တော် ကျေးဇူးဆပ်ချင်လို့ပါ''

သူဌေးကခွင့်ပြုသဖြင့် မြသားသွင်နှင့် စေ့စပ်ပြီး သစ်ထုတ်လုပ်ရေး ဘက်သို့ တစ်ရာသီဝင်ရောက်လုပ်ကိုင်ခဲ့၏။ ထိုတစ်ရာသီ ပြီးဆုံးချိန်၌ ငွေကြေးအကျိုးအမြတ်အပြင်၊ သစ်နှင့်ပတ်သက်သည့် အတွေ့ အကြုံတွေ ပါ အတော် များများ စုဆောင်းရရှိခဲ့သည်။ (နောင် တစ်ချိန် နိုင်ငံခြားသို့ သစ်တင်ပို့ရန်စိတ်ကူးကိုပါသူရရှိခဲ့ခြင်း ဖြစ်သည်။)

သစ်ထုတ်လုပ်ရေး ရာသီ ပြီးဆုံးချိန်၌ မြသားသွင်နှင့် သူတရားဝင် ထိမ်းမြားလက်ထပ်ခဲ့သည်။သူတို့လက်ထပ်ပွဲအပြီးလအနည်း ငယ်အကြာ ဦးမြသွင် ကွယ်လွန်သွားသဖြင့် သစ်လုပ်ငန်းအားလုံးက သူ့လက်ထဲသို့ ရောက်ရှိလာခဲ့တော့သည်။

*

''ချိုရေ ယုတစ်ခါရှင်ပြောတဲ့ နားကပ်လေးပြန်ကြည့်ချင်တယ်ကွယ် မနက်ဖြန်ယူလာလို့ရမလား''

''ဟာ မမ Yahoo Game အသစ်တွေ တွေ့ ပြီဆော့ရအောင်''

''မင်းဖာသာမင်းဆော့ မမ (Dead Note) ကြည့်နေတယ်''

သူအိမ်ထဲသို့ ချက်ချင်း မဝင်သေးဘဲဧည့်ခန်းထဲရှိ မိသားစု၏ အသံကို နားစွင့်လေ့လာနေခြင်း ဖြစ်သည်။

မြသားသွင်က စိန်ပွဲသား ချိုချိုမြင့်နှင့် ဖုန်းပြောနေပြီး သမီးက ကာတွန်းကားကိုသည်းကြီးမည်းကြီး ထိုင်ကြည့်ကာ၊ သားငယ် ကတော့ Net Game များ နှင့် အလုပ်ရှုပ်နေခဲ့သည်။

သူတို့ကြည့်ရတာ အပူအပင်ကင်းကင်းနှင့် လွတ်လပ်ပေ့ါပါးနေကြောင်း သံသယ ဖြစ်စရာမလိုပါ။

အင်းလေ၊ဒီလိုပဲ ဖြစ်ရမှာ ပေ့ါ။ သူတို့ရဲ့ဘဝ လုံခြုံမှုအတွက် နေဘုန်းရောင်တစ်ယောက်လုံး တာဝန်ယူထားတာပဲ။

(အေရိုဆော့)ဖိနပ်ကို အသံမမြည်အောင်ဖွနင်း၍ လှမ်းဝင်လိုက်သော လည်းနားပါးသော  သားငယ်က ချက်ချင်း တွေ့ မြင်သွားကာ ကွန်ပျူနားမှ အမြန်ထပြီး . . .

''ဟာ ဖေဖေပြန်လာပြီ''

သားငယ်၏ အသံကြောင့် သမီးက

ကာတွန်းကားကိုပိတ်ကာသူ့သောက်ရန် ရေတစ်ခွက် အပြေးအလွှားသွားခပ်လေသည်။ မြသားသွင်က ''ဒါပဲနော်ချို'' ဟုပြော၍ ဖုန်းချကာ သူရှိရာသို့ တစ်လှမ်းချင်းလျှောက်လာသည်။

''မောင် ဒီနေ့စောလှချည်လား''

အနားရောက်လာသော သားကသူ့လက်ထဲမှအိတ်ကို လှမ်းယူပြီး သမီးကတော့သောက်ရေတစ်ခွက်လာပေးပါသည်။

စောစောက လွတ်လပ်ပေ့ါပါးနေကြတဲ့သူတို့တွေ ဟာဘာလို့များ စက်ရုပ်ဆန်ဆန် ချက်ချင်း ပြောင်းလဲသွားကြပါလိမ့်။

(သူအိမ်ပြန်ရောက်လာတာဟာသူတို့အတွက် ခြိမ်းခြောက်မှုတစ်ခုများ လား)

''မောင် အလုပ်စောစောဆင်းလာတာလား''

''(ပေ့ါခ်ရိုင်ရယ်) မှာ အစည်းအဝေးပြီးကတည်းက ကုမ္ပဏီကို ပြန်မသွားတော့တာ မြသား''

''ဟင် ဒါဆို ဒို့ထက်စောရမှာ ပေ့ါ။ မောင်ဘယ်ဝင်သေးလို့လဲ''

''ကိုအောင်မင်းမြတ်တို့ဆီ ခဏဝင်နေတာမြသား''

လွှတ်ခနဲပြောပြီးမှမလုံမလဲ ဖြစ်လာသဖြင့် . . .

''မရောက်တာလည်း ကြာလို့ပါ'' ဟု ဖြည့်ဆွက်ပြောလိုက်မိသည်။

တစ်ချိန်တည်းမှာ ပင် ဒေါက်တာ အောင်မင်းမြတ်၏ ''ကိုယ်ကအချစ်ခံချင်ရင် လူတွေ ကို အချစ်ပြန်ပေးရလိမ့်မယ်''ဟူသော စကားကို ဖြတ်ခနဲကြားယောင်လိုက်မိသဖြင့် သားနှင့်သမီးကိုကြည့်ကာ. . .

''သားလေး နေမျိုးနွယ် မင်းဂိမ်းဆော့မလို့မဟုတ်လား၊ သွားဆော့လေ၊ သမီးမြရောင်ခြယ်လည်းကာတွန်းကားကြည့်ချင် သွားကြည့်''

''ဟင့်အင်း မကြည့်တော့ဘူး ဖေဖေ၊ သမီးစာကျက်တော့မှာ ''

''ဟုတ်တယ် သားလည်း သင်္ချာတွေ တွက်ရအုံးမှာ ''

နှစ် ယောက်စလုံး အတိုင်အဖောက်ညီစွာပြာပြာသလဲ ငြင်းဆန်ပြီး လှည့်ထွက်သွားကြသည်။

''ဟေ့ ခဏနေကြအုံး''

ကလေးနှစ် ယောက် ချွန်းတို့ခံလိုက်ရည့် ဆင်လိမ္မာတွေ လို တုန့်ခနဲ ရပ်သွားကြပြီး မရဲတရဲပြန်လှည့်လာကြ၏ ။ ၄င်းတို့၏ မျက်နှာက အဆူခံရမှာ ကို စိုးရိမ်သလိုမျိုး ဖြစ်နေ၍ ပေ့ါပေ့ါပါးပါး ဖြစ်အောင် သူပြုံးပြလိုက်သည်။ ''ဆွတ်ဇာလန်မိတ် ချော့ကလက်တွေ ဝယ်လာတယ်၊ ရော့ တစ်ယောက်တစ်ခုယူကြ''

ဘောင်းဘီအိတ်ထဲမှ ချောကလက်နှစ် တောင့်ထုတ်ပေးလိုက်တော့ ကလေးနှစ် ယောက် ရွှင်မြူးသွားကြပြီး

''ကျေးဇူးတင်ပါတယ် ဖေဖေ''

ဟု ရေရွတ်ကာ ပြိုင်တူလှမ်းယူပြီး ပြေးထွက်သွားကြသည်။

''မောင် တယ်ထူးဆန်းနေပါလား၊ ကလေးတွေ အတွက်တော့ပါပြီးမြသားအတွက်ကျတော့ မပါဘူးလား''

''မင်းအတွက်လည်း ပါပါတယ် မြသားသွင်ရဲ့။ ကိုယ့်အိတ်ထဲမှာ ဖွင့်ကြည့်လိုက်''

သူ့စကားကြောင့် မြသားသွင် အံ့ဩသွားပြီးစားပွဲပေါ်မှ သူ၏ သားရေအိတ်ကို ကမန်းကတန်းသွားဖွင့်လေသည်။ အံ့ဩမယ်ဆိုလည်း အံ့ဩစရာပဲ။

သူကအိမ်ပြန်လက်ဆောင်ဝယ်လာခြင်းမျိုး၊ အမှတ်တရလက်ဆောင်ပေးခြင်းမျိုးကိုဘယ်တုန်းကမှ ဝါသနာမပါသလို လုပ်လေ့ လုပ်ထလည်းရှိသူမဟုတ်ခဲ့။ ယနေ့မှ အောင်မင်းမြတ်အကြံပေးဖြင့် ပထမဦးဆုံးအကြိမ် စတင်လုပ်ဖူးခြင်း ဖြစ်သည်။

''ဘုရားရေ အံ့ဩစရာပဲ ပါကင်ပေပါတွေ ဘာတွေ တောင် ပတ်ထားပါလား။ဒါဘာလဲမောင်''

ဖဲကြိုးဖြင့် ချည်ထားသည့် လေးထောင့်လက်ဆောင်ဘူးလေးကို ထုတ်ယုရင်း သူမလှမ်းမေးသည်။

''မင်းခန့်မှန်းကြည့်ပေါ့မြသားသွင်''

''ဟင့်အင်း မခန့်မှန်းတတ်ဘူးမောင် ပြောပါ၊ ပြီးတော့ ဘာအတွက်ပေးတာလဲ ဟင်''

သူမက အံ့ဩသလို အဖြေရှာသလို သူ့မျက်နှာကိုစူးစိုက်ကြည့်ပြီး မေးလာသဖြင့် သူတစ်ဘက်သို့ လှည့်လိုက်ရသည်။

''ရှေ့အပတ်ဆို ကိုယ်တို့အိမ်ထောင်သက် ဆယ်နှစ် ပြည့်မဟုတ်လား၊ အဲဒီ အတွက်ပါ''

''ရှင် ဆယ်နှစ် ပြည့်အတွက်ဘုရားရေအုံ့ဩစရာကြီး''

သူမအသံက ဝမ်းသာမှုအပြင် အံ့ဩမှုတို့ရောယှက်ကာ တုန်ခါနေကြလေသည်။သူမျက်နှာမထားတတ်စွာ နံရံပေါ်မှ ဓာတ်ပုံများ ကို လျှောက်ငေးနေမိသည်။

''ဒါပေမဲ့ တကယ့်တကယ်က ဆယ်နှစ် မဟုတ်ဘူးမောင်ရဲ့ ဆယ့်တစ်နှစ်ပါ။ ပြီးတော့ ရှေ့အပတ်လည်းမဟုတ်ဘူးရှင့်၊ ရှေ့လ သုံးရက်နေ့မှပြည့်မှာ လေ''

ရုတ်တရက် မျက်နှာတစ်ခုလုံးနွေးခနဲ ဖြစ်သွားပြီး အနည်းငယ်ရှက်အန်းအန်း ဖြစ်သွားမိသည်။ သေတော့မှာ ပဲ မင်္ဂလာနှစ် ပတ်လည်နေ့ကိုတောင် သူဘာ ဖြစ်လို့များ အလွဲလွဲအချော်ချော် ဖြစ်သွားရတာ လဲ။

''အင်း ကိုယ်အမှတ်လွဲသွားတယ်ထင်ပါရဲ့။ဘာပဲ ဖြစ် ဖြစ်ကြိုပေးတယ်လို့ပဲ သဘောထားလိုက်ပေ့ါမြသား''

''အိုကေပါတယ်မောင်ရဲ့၊ ကြိုပေးတော့လည်း ကြိုပြီး ဝမ်းသာရတာပေ့ါ။ မှန်း ဖွင့်ကြည့်လိုက်စမ်းမယ်။ ဟာ မြသားလိုချင်တဲ့ လည်ဆွဲလေးပါလား''

သူမ၏ အံ့ဩဝမ်းသာမှုကအထိတ်တလန့်နိုင်လှပါသည်။ သူကမြသားသွင်ကို ပြုံးပြလိုက်ပြီး

''ဟိုတစ်ခါ (ကာတီးယား)သွားတုန်းက မင်းသဘောကျတယ်ပြောတဲ့ လည်ဆွဲလေးလေကိုယ်သတိရတာ နဲ့ဝင်ဝယ်လာတာ''

သူမက လည်ဆွဲကိုတစ်လှည့် သူ့မျက်နှာကိုတစ်လှည့် ကြည့်ရင်း အံ့ဩနေပုံမှာ တအောင့်ကြာရင်သူ့ကိုပြေးဖက်လာမလားဟု ထင်မှတ်ရပါသည်။သို့ သော် အရောင်တဖြတ်ဖြတ်လက်နေသော မျက်ဝန်းများ က တအောင့်အကြာမှာ ပင်ရုတ်တရက် ညှိုးမှိန်သွားကြသည်။ သူမက တစ်ခုခုကို တွေးရင်း စိုးရိမ်ပူပန်လာသည့် မျက်နှာဖြင့်

''ဒီနေ့ မောင့်အပြုအမူတွေ က ထူးဆန်းလိုက်တာ။ မောင်တစ်ခုခုများ . . .''

''ဘာကြောင့်လဲမြသား''

''အိမ်ကိုလည်း စောစောပြန်လာတယ်။ မိန်းမနဲ့ကလေးတွေ အတွက်လည်း လက်ဆောင်ဝယ်လာတယ်ဆိုတော့မောင်ရိုးမှရိုး ရဲ့လားကွယ်''

သူမ၏ စကားကြောင့် သူအသံမထွက်ဘဲတစ်ချက်ရယ်လိုက်မိသည်။

''ကိုယ်မရိုးတာ မင်းဘယ်တုန်းကမြင်ဘူးလို့လဲ မြသားသွင်ရယ်''

''ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ မောင့်မှာ တခြားစိတ်ညစ်စရာတစ်ခုခု''

''ဟင့်အင်း ဘာစိတ်ညစ်စရာမှ မရှိပါဘူး မြသားရဲ့။ လက်ဆောင်ပစ္စည်းတွေ ပေးပြီး ဖုံးကွယ်ရလောက်အောင် ကိုယ့်မှာ ဘာအရှုတ်အထွေးမှ မရှိဘူး။ ကဲ ကိုယ်ရေချိုးလိုက်အုံးမယ်။မင်းအတွက် ထူးဆန်းနေတယ်ထင်ရင် လက်ဆောင်ကိစ္စက ခေါင်းထဲကနေ ခဏထုတ်ချင်ထုတ်ထားလိုက်။ ဟုတ်ပြီလား''

သူလှည့်ထွက်လာတော့ သူမက တအံ့တဩ မျက်ဝန်းများ နှင့်ငေးရင်း ညှော့ခန်းအလယ်၌ ရပ်တန့်ကျန်ရစ်ခဲ့၏ ။

*

ကိုယ့်အနီးအနားက လူတွေ ကိုချစ်ဖို့ကြိုးစားပါဟူ၍ အောင်မင်းမြတ်၏ အကြံပေးချက်အတိုင်းလိုက်နာရန် ကြိုးစားကြည့်သော သူအား မြသားသွင်၏ နားမလည်နိုင်မှုက စိတ်ကသိကအောက် ဖြစ်စေခဲ့သလို ကလေးများ ၏

တုန့်ပြန်မှုကလည်း မေတ္တာပေးဝေးရန် ကြိုးစားသော ဖခင်တစ်ယောက်ကို အားတက်သရောမ ဖြစ်စေခဲ့ပါ။

ထိုညက ညစာစားပြီးသည်နှင့် အခန်းထဲသို့ ဝင်ကာ ခုတင်ပေါ်၌ လှဲနေခဲ့မိသည်။ သူတစ်ယောက်တည်းနေချိန်များ ၌ ဘယ်သူ မှ လာရောက် မနှောင့်ယှက်ကြသည့် ထုံးစံအတိုင်း၊''နေမကောင်းလို့လား'' ဟုပင် လာမမေးကြပါ။

တစ်ယောက်တည်းနေရတာ ပျင်းလာသဖြင့် တီဗွီပြီးချိန်လောက်မှာ သူ့အခန်းထဲက ထွက်လာတော့ မြသားသွင်က ဘုရားစင်ရှေ့ ကျုံ့ကျုံ့လေးထိုင်ကာ ဘုရားရှိခိုးနေ၏ ။ သူမဘုရားတစ်ခါရှိခိုးလျှင်အနည်းဆုံး လေးဆယ့်ငါးမိနစ်တော့ ကြာတတ်ပါသည်။ သူ သမီးမြရောင်ခြယ်၏ အခန်းကိုသွားဖွင့်ကြည့်တော့ စာကျက်နေသော သမီးကလန့်သွားပြီး၊ ကမန်းကတန်းမေး၏ ။

''ဖေဖေ ဘာခိုင်းမလို့လဲဟင်''

''ဘာမှ ခိုင်းစရာမရှိပါဘူးမြရောင်ခြယ်၊ သမီးအခန်းကို တမင်လာကြည့်တာပါ''

''ဆောရီး ဖေဖေ၊ သမီးမနက်ကျရင်ရှင်းလိုက်ပါ့မယ်''

''ဘာကိုလဲ သမီး''

''သမီးအခန်းကိုလေ၊ ရှုတ်ပွနေတာ ဖေဖေမကြိုက်ဘူးမဟုတ်လား''

သူဘာမှ မပြောတော့ဘဲ ပခုံးတွန့်ပြီး တံခါးကိုစေ့ကာ ပြန်ထွက်လာခဲ့သည်။

အငယ်ကောင် နေမျိုးနွယ်ကတော့ တစ်မျိုး ဖြစ်၏ ။

စာမကျက်ဘဲ ဂိမ်းဆော့နေခြင်း ဖြစ်ပြီး သူ့ကိုမြင်တော့ ပြာပြာသလဲ ဖြစ်သွားကာ . . .

''ဟာ ဖေဖေ၊ သားစာကျက်ပြီးသွားပြီ၊ အခုမှစဆော့တာပါ''

''အေးပါမင်းကို ဘာပြောနေလို့လဲ၊ဒါနဲ့ မင်း LCD ကကျနေပြီမဟုတ်လား။ဖေဖေ့(လက်တော့ပ်) မယူချင်ဘူးလား''

နေမျိုးနွယ်၏ မျက်နှာဝင်းခနဲ ဖြစ်သွားသော်လည်း ချက်ချင်း ပင် ဝမ်းသာရိပ်ကို ဖုံးကွယ်လိုက်ပြီ . . .

''မလိုချင်ပါဘူးဖေဖေ၊ သားက ဂိမ်းလည်း သိပ်မဆော့ ဖြစ်တော့ပါဘူး''

ထူးဆန်းစွာ ငြင်းဆန်နေသော နေမျိုးနွယ်၏ ခေါင်းကိုပုတ်ပြီး ၎င်း၏ အခန်းထဲမှ သူပြန်ထွက်လာခဲ့သည်။ နေမျိုးနွယ်က သူ့ နောက်ကျောကို အံ့ဩသလို ငေးကြည့်နေမည် မှန်း သူသဘောပေါက်ပါသည်။

မိသားစုနှင့် လိုက်လျောညီထွေ ဖြစ်ရန် ကြိုးပမ်းကြည့်သော သူ့ကြိုးပမ်းမှုက အောင်မှတ်ပင်မရဟု နာနာကျင်ကျင် တွေးလိုက်မိသည်

*